# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

**အခြေခံ**

## ၁။ အဝတ်လဲခြင်းနှင့်ပတ်သက်၍

စာမေးပွဲကြီးကြပ်အရာရှိထံမှ ညွှန်ကြားချက်မရှိမချင်း အဝတ်မလဲပါနှင့်။
OTAFFမှ သတ်မှတ်ထားသောနေရာတွင် လုပ်ငန်းသုံးဝတ်စုံ အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ဆင်၍ လုပ်ငန်းသုံးဝတ်စုံ၏အထဲတွင် တီရှပ်အင်္ကျီကိုဝတ်ဆင်ပါ။ (ဦးထုပ်သည် စာမေးပွဲမေးခွန်းပုစ္ဆာတစ်ခုအပါအဝင် ဖြစ်သည့်အတွက် နောက်မှ ဝတ်ဆင်ရပါမည်။)

## ၂။ အဖိုးတန်ပစ္စည်းများထိန်းသိမ်းခြင်းနှင့်ပတ်သက်၍

**လက်ဝတ်တန်ဆာများ ချွတ်ခြင်း**

လက်ဝတ်တန်ဆာပစ္စည်းအားလုံးကိုချွတ်၍ အိတ်ထဲတွင်ထည့်သိမ်းထားပါ။



**အဖိုးတန်ပစ္စည်းများကို ထိန်းသိမ်းခြင်း**

အဖိုးတန်ပစ္စည်းများကို မိမိကိုယ်တိုင်ထိန်းသိမ်းရမည်။
ပစ္စည်း မေ့ကျန်ခြင်း၊ ကျပျောက်ခြင်းမရှိစေရန် သတိထားပါ။



**အိတ်ကပ်များအား ဗလာအတိုင်းထားပါ**

အိတ်ကပ်များထဲတွင် မည်သည့်ပစ္စည်းမျှ မထည့်ထားပါနှင့်။



## ၃။ စာဖြေဆောင်အတွင်း သတိပြုဖွယ်အချက်များ

**ကျင့်ဝတ်**

စာဖြေဆောင်၊ စာမေးပွဲခန်းမတွင် စကားစမြည်မပြောရ။
ဘေးပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများ မလုပ်ဆောင်ရ။

**လျှပ်စစ်ပစ္စည်းများအား ပါဝါပိတ်ထားခြင်း**

စမတ်ဖုန်းစသည့် လျှပ်စစ်ပစ္စည်းများအား ပါဝါပိတ်ထားပြီး၊ အိတ်ထဲသို့ထည့်သိမ်းထားပါ။




**ဓာတ်ပုံဗီဒီယိုမရိုက်ရ**

စာဖြေဆောင်၊ စာမေးပွဲခန်းမတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ခြင်း တားမြစ်သည်။
*လိုက်ပါပို့ဆောင်ပေးသူလည်း တားမြစ်သည်။



**သန့်စင်ခန်းအသုံးပြုခြင်း**

သန့်စင်ခန်းတွင်အဝတ်လဲခြင်း၊ စားသောက်ခြင်းအား တားမြစ်သည်။



# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

**အခြေခံ**

## ၄။ လက်ခံကောင်တာနှင့်ပတ်သက်၍

**ကာယကံရှင် စစ်ဆေးခြင်း**

မျက်နှာစစ်ဆေးရန်အတွက် နှာခေါင်းစည်း၊ မျက်မှန်တို့အား ချွတ်ရပါမည်။



**လက်ပေါ်ရေးချခြင်း**

ကူးရေးထားခြင်းရှိမရှိကို လက်ဖဝါးများအား စစ်ဆေးပါမည်။



## ၅။ မေးခွန်းလွှာစာရွက်ပေါ်သို့ အမည်စသည်တို့ရေးသားခြင်းနှင့်ပတ်သက်၍

*ထိုနေ့တွင်ဝေမည့်မေးခွန်းလွှာသည် အားလုံးဂျပန်ဘာသာဖြင့်ရေးသားထားပါမည်။




しじ　が　ある　まで　あけないで　ください。

**惣菜製造業技能評価試験**
**○○試験問題**

| | |
|---|---|
| 受検日 | 20○○年　△月　×日 |
| 受検番号 | G　012345 |
| 名前 | オタフ　イチロウ |

≪ 注意事項 ≫

စာဖြေဆိုသည့်ရက်အား စာမေးပွဲခန်းထဲရှိ ကျောက်သင်ပုန်းကို ကြည့်၍ရေးသားပါ။
စာမေးပွဲဖြေဆိုခွင့်နံပါတ်၊ အမည်တို့အား စာမေးပွဲဖြေဆိုခွင့်ကတ်ပြားအား ကြည့်၍ရေးပါ။



惣菜製造業技能評価試験
受検票

| | | |
|---|---|---|
| 座席番号 | 201 | |
| 受検者番号 | 生年月日 | |
| G012345 | 2001年01月01日 | |
| 受検者氏名 | | |
| オタフ　イチロウ | | |
| OTAFF　ICHIRO | | |

■試験当日のスケジュール等について
1. 試験当日の受付開始時刻と受検者数

| | | | |
|---|---|---|---|
| 受検級 | ○級 | 調理名 | 加熱 |
| 受検科目 | 学科及び実技 | | |
| 試験回 | 20○○年度　第○○回 | | |
| 試験日 | 20○○年△月×日 ※試験日程・受験時間の変更はできかねます。ご了承ください。 | | |
| 会場名 | 首都圏試験センター | | |
| 会場所在地 | ○○県××市～ ※会場への直接のお問い合わせは固くお断りします。 | | |
| 緊急連絡先 | TEL:03-6261-4946 | | |
| 監理団体名 | | | |
| 実習実施者名 | | | |

# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

**အခြေခံ**

## ၆။ ရေးဖြေစာမေးပွဲဖြေဆိုနည်းနှင့်ပတ်သက်၍

(၁) မေးခွန်းလွှာဝေပါက ညွှန်ကြားချက်မရှိမချင်း ဖွင့်မကြည့်ပါနှင့်။

(၂) ညွှန်ကြားလာပါက မေးခွန်းစာရွက်ကိုဖွင့်၍ တစ်ဝက်ခေါက်ပါ။

(၃) ကျောဖက်မေးခွန်းအားဖြေဆိုစဉ်တွင်လည်း မေးခွန်းစာရွက်အား တစ်ဝက်ခေါက်ထားပါ။




(၄) စာမေးပွဲကြီးကြပ်သူမှ မေးခွန်းအား ၂ကြိမ်ဖတ်ပြပါမည်။

(၅) မေးခွန်းဖတ်နေစဉ်တွင်လည်း အဖြေရေးနိုင်ပါသည်။

(၆) အဖြေရေးပြီးပါက ခဲတံကိုချထားပါ။



### အဖြေလွှာရေးသားနည်း

**★学科試験**（がっかしけん）

မှန်သည်ဟုထင်ပါက『○』အကွက်တွင်「✓」၊

မှားယွင်းနေသည်ဟုထင်ပါက『×』အကွက်တွင်「✓」ကိုရေးသားပါ။




**★実技判断等試験・製作等作業試験 加熱**（じつぎはんだんとうしけん・せいさくとうさぎょうしけん かねつ）

မှန်သည်ဟုထင်သည့်အဖြေကိုရွေးချယ်၍ အင်္ဂလိပ်အက္ခရာဖြင့် ရေးပါ။




(၇) သတ်မှတ်ချိန်ပြည့်ပါက “kakemashitaka? (ရေးပြီးပါပြီလား)” ဟူ၍ ကြားရပါမည်။ ရေးနိုင်ခဲ့သူသည် တိတ်ဆိတ်စွာ လက်မြှောက်ပြပါ။

(၈) အားလုံးလက်မြှောက်ပြီးပါက နောက်မေးခွန်းကိုဆက်သွားပါမည်။

*၂မိနစ်ကြာပါက ရေး၍မပြီးသေးလည်း နောက်မေးခွန်းကို ဆက်သွားပါမည်။



(၉) မေးခွန်းအားလုံးပြီးဆုံးပါက ၃မိနစ်အကြာ ပြန်စစ်ချိန် (minaoshi) ဖြစ်ပါသည်။ ပြီးဆုံးချိန်အထိ အဖြေများကိုပြန်စစ်(minaoshi)ပါ။

*"အဖြေပြန်စစ်ခြင်း (minaoshi) "သည် အမှားအယွင်းရှိမရှိကို စစ်ဆေးခြင်းဖြစ်သည်။

(၁၀) ပြီးဆုံးပါက မျက်နှာဖုံးစာရွက်အား အပေါ်တွင်ထားပါ။ စာမေးပွဲကြီးကြပ်သူမှ မေးခွန်းလွှာအားသိမ်းဆည်းပါမည်။

# [အရေးကြီး] စာမေးပွဲဖြေဆိုမည့်ရက်တွင် သတိပြုရမည့်အချက်များ

**အခြေခံ**

## ၇။製作等作業試験（せいさくとうさぎょうしけん）ဖြေဆိုပုံနှင့်ပတ်သက်၍

(၁)　စာမေးပွဲကြီးကြပ်သူမှမေးခွန်းကိုဖတ်၍ "Hajimetekudasai (စတင်ပါ)" ဟု ပြောပါလိမ့်မည်။

(၂)　အားလုံးတပြိုင်နက်လုပ်ဆောင်ကြမှာဖြစ်တဲ့အတွက် ဖတ်ပြီးတဲ့အပိုင်းထိပဲ လုပ်ဆောင်ပါ။

(မိမိသဘောဖြင့် ရှေ့ဆက်လုပ်ဆောင်၍မရပါ)

* 加熱（かねつ） ကိုဖြေဆိုမည့်သူသည် အကြားတွင် ရေးဖြေစာမေးပွဲရှိပါသည်။（作業手順書（さぎょうてじゅんしょ）「3　かねつちょうり」）

## ၈။ မမှန်မကန်ပြုလုပ်ခြင်းနှင့် ပတ်သက်၍

**အောက်ပါအပြုအမူများအား စစ်ဆေးတွေ့ရှိပါက အရှုံး(စာမေးပွဲကျ)ဟု သတ်မှတ်ပါမည်။ ကောင်းစွာသတိပြုဆင်ခြင်ပါ။**

### စာခိုးချခြင်း မပြုရ



အခြားသောသူ၏ အဖြေများကို မကြည့်ရပါ။

### မပြောပြရ၊ ပြောပြတာကိုလက်မခံရ




ဘေးပတ်ဝန်းကျင်မှလူအား အဖြေပြောပြခြင်း၊ ကူညီခြင်းများ မပြုလုပ်ရ။

### စကားမပြောရ



တစ်ကိုတည်း ရေရွတ်ခြင်း၊ ဘေးပတ်ဝန်းကျင်မှ လူများနှင့် စကားပြောခြင်း မပြုရပါ။

### ခွင့်ပြုချက်မရှိ ထိုင်ခုံမှထ ထွက်မသွားရ



ထိုင်ခုံမှထွက်သွားချင်ပါက လက်ကိုမြှောက်၍ စာမေးပွဲခန်းကြီးကြပ်သူအား အသိပေးပါ။

### သယ်ထုတ်သွားခြင်း၊ ကူးယူခြင်း မပြုရ




မေးခွန်းနှင့်အဖြေများအား သယ်ထုတ်သွားခြင်း၊ စာဖြေဆိုခွင့်ကတ်ပြားနှင့် လက်များပေါ်တွင်ကူးရေးခြင်းမပြုရ။

### မှတ်စုစာအုပ်အား မကြည့်ရ



စာမေးပွဲဖြေဆိုစဉ် ဖတ်စာအုပ်နှင့် မှတ်စုများအား မကြည့်ရပါ။

**စာမေးပွဲမစတင်မီဖြစ်သော်လည်း စာဖြေဆိုခွင့်ကတ်ပြားနှင့် လက်များပေါ်တွင် စာလုံးများနှင့် ဂဏန်းများ ရေးသားခြင်းရှိပါက မမှန်မကန်ပြုလုပ်ခြင်းဟုယူဆပါမည်။ ကောင်းစွာ သတိပြုဆင်ခြင်ပါ။**

## ၉။ စာဖြေဆိုစဉ် သတိပြုရမည့်အချက်များ

### နေထိုင်မကောင်းဖြစ်ပါက



နေထိုင်မကောင်းဟုခံစားရပါက လက်ကိုမြှောက်၍ စာမေးပွဲခန်းကြီးကြပ်သူအား အသိပေးပါ။

### ငလျင်၊ မီးလောင်ခြင်းစသည့် ဘေးအန္တရာယ် ကြုံတွေ့ရပါက



စာမေးပွဲကြီးကြပ်သူ၏ လမ်းညွှန်ချက်အားလိုက်နာ၍ ထွက်ပြေးပါ။

OTAFF
THE ORGANIZATION FOR TECHNICAL SKILL ASSESSMENT OF FOREIGN WORKERS IN FOOD INDUSTRY